ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၃)

# နိုင်သူ နှင့် ရှုံးသူ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# နိုင်သူနှင့်ရှုံးသူ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# နိုင်သူနှင့် ရှုံးသူ

သာသနာတော်နှစ် ၂၅၅၂ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း ၇-ရက်၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း ရပ်ကွက်၊ သီရိလမ်းမကြီး၊ ပိန္နဲကုန်းရပ်ကွက်လုံးဆိုင်ရာ ပထမအကြိမ် ဆင်ယင် ကျင်းပပြုလုပ်အပ်သည့် အထူးဓမ္မသဘင်ပွဲ၌ ဟောကြားအပ်သော "နိုင်သူနှင့်ရှုံးသူ"အကြောင်း တရားဒေသနာတော်။

လူ့လောကမှာ လူတွေ အနိုင်အရှုံး သတ်မှတ်တဲ့ နေရာ အယူအဆခြင်း မတူညီကြဘူး။ လောက ရှုထောင့်က ကြည့်တဲ့အခါ အနိုင်လို့ထင်ရပေမယ့်လို့ ဓမ္မရှုဒေါင့်ကကြည့်တဲ့အခါ အရှုံးဖြစ်နေတာတွေ တွေ့ တယ်။ ဒါကြောင့်မို့ အနိုင်အရှုံးဆိုတာဟာ ရှုဒေါင့် အလိုက် ဘယ်သူက နိုင်ပြီး ဘယ်သူက ရှုံးသလဲဆိုတာ

သိကြရတယ်။ တစ်ခါတစ်ရံ လူတွေဟာ ကိုယ်က နိုင်လိုက်တယ်လို့ ယူဆတယ်။ သို့သော် ကိုယ်ကရှုံး သွားတာကို မသိကြဘူး။ အဲဒီတော့ နိုင်လိုက်တယ် ထင်ပြီး အရှုံးကြီး ရှုံးသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ဘဝသာမကဘူး၊ တစ်သံသရာလုံးထိအောင် ရှုံး သွားကြတယ်။

မိမိကနိုင်လိုက်တယ်လို့ ထင်ပေမယ့် ရှုံးသွားတာ တွေ အများကြီးပဲ။ အေး . . တစ်ချို့ပုဂ္ဂိုလ်ဟာ ရှုံး သွားတယ်လို့ ယူဆပေမယ့်လို့ အဲဒီရှုံးသွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်က အနိုင်ရလိုက်တာကို မသိလိုက်ကြဘူး။ ဒါကြောင့် လောကအမြင်နဲ့ ဓမ္မအမြင်ဟာ အင်မတန်မှ ကွာခြားတယ်။ တစ်ခါတစ်ရံ လုံးဝ ဆန့်ကျင်ဘက် ဖြစ် တယ်။ မြတ်စွာဘုရားက အနိုင်ယူနည်း လေးမျိုးကို ဟောကြားထားတာရှိတယ်။ သို့သော် လောက လူတွေ က အဲဒါကို အနိုင်ရတယ်လို့ မထင်ကြဘူး။ အရှုံး ထင် ကြတယ်။ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ဘာနဲ့ အနိုင်ယူရမယ် ဆိုတာကို မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတော် အထင်အရှားရှိတယ်။

## ဒေါသသမားကို အနိုင်ယူနည်း

**"အက္ကောဓေန ဇိနေကောဓံ"**

ကောဓ ဆိုတာ ဒေါသ ခက်ထန်သူ။ ဒေါသ ခက်ထန်တဲ့ လူတစ်ယောက်ကို ဘယ်လို အနိုင်ယူမလဲ ဆိုတဲ့ နည်းစနစ်။ လောက လူသားတွေကတော့ ဒေါသ ခက်ထန်တဲ့ လူတစ်ယောက်ကို နှိမ်နင်းပြီးတော့ အနိုင်ယူမယ်၊ သတ်ဖြတ်ပြီးတော့ အနိုင်ယူမယ်လို့ ဒီအတွေးပဲ ရှိတယ်။ ဒီနေ့ခေတ်ကမ္ဘာမှာပဲ ကြည့်လေ၊ အင်မတန်ဆိုးသွမ်းတဲ့ ပုဂ္ဂိုလ်တွေကို အနိုင်ယူပုံ၊ အနိုင်ယူနည်းဟာ အဲဒီ ပုံစံအတိုင်း အနိုင်ယူတာပဲ။ ဒီနေ့ခေတ်ကမ္ဘာမှာ Terrorist ဆိုတဲ့ အကြမ်းဖက်သမားတွေရှိတယ်။ လူတကာ ဒုက္ခရောက်အောင် ရက်ရက်စက်စက် အကြမ်းဖက် လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အကြမ်းဖက်သမားလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေကို ဘာနဲ့ အနိုင်ယူမလဲဆိုရင် ပြန်လည်အကြမ်းဖက်ခြင်းဖြင့် အနိုင်ယူကြတယ်ပေါ့။

အဲဒီလို ပြန်လည်အကြမ်းဖက်တဲ့နည်းဖြင့် အနိုင်

ယူတာဟာ တကယ်နိုင်တာ ဟုတ်ရဲ့လားလို့ မေးစရာရှိတယ်။ အဲဒီ နည်းစနစ်ဟာ ဗုဒ္ဓမြတ်စွာရဲ့ ဓမ္မအမြင်ဘက်ကကြည့်လို့ရှိရင် အလွန်များယွင်းနေတဲ့နည်းစနစ်တစ်ခုပဲ။ မြတ်စွာဘုရားက **'အက္ကောဓေန ဇိနေ ကောဓံ'** ဒေါသခက်ထန်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မိမိက ဒေါသခက်ထန်ခြင်း မပြု သည်းခံခြင်း၊ မေတ္တာထားခြင်း၊ အေးငြိမ်းတဲ့ စိတ်ဓါတ်မျိုးဖြင့် သာလျှင် အနိုင်ယူလို့ ဟောတော်မူတယ်။ ဟော လောကရဲ့ အမြင်နဲ့ အလွန်ဆန့်ကျင်တယ်။ ခက်ထန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဒေါသနဲ့ မတုံ့ပြန်ဘဲ မေတ္တာနဲ့ တုံ့ပြန်ရမယ်လို့ ဆိုလိုတာပဲ။ ဒေါသကို မေတ္တာနဲ့ အနိုင်ယူပါ။ ခန္တီဆိုတဲ့တရားနဲ့ အနိုင်ယူပါ။

ဒီနေရာမှာ **ခန္တီ** နဲ့ **မေတ္တာ**။ ဘာကွာသလဲလို့ မေးစရာရှိတယ်။ စာပေကျမ်းဂန်မှာ ဖွင့်ထားတာ ကြည့်ရင် ခန္တီဆိုတဲ့တရားဟာ အဒေါသပဲဖြစ်တယ်။ မေတ္တာကလည်း အဒေါသပဲဆိုတော့ ခန္တီနဲ့ မေတ္တာဟာ တရားကိုယ်အားဖြင့် တူတယ်လို့ ပြောရမှာပဲ။

နောက်တစ်နည်းအားဖြင့် **ခန္တီ** ဆိုသည်မှာ

**အဒေါသ** အဓိကပဓါန ဦးဆောင်နေတဲ့ စိတ်ရဲ့ သဘာဝတရား၊ စိတ်နေစိတ်ထားလို့ ဒီလို အဓိပ္ပါယ်ရတယ်။ နောက်တစ်ခါ ခန္တီဆိုတဲ့ စကားလုံးရဲ့ ရှုဒေါင့်ကနေကြည့်မယ်ဆိုရင် (သဒ္ဒါနည်းအရ ပြောပြတဲ့ Literal meaning ပေါ့။) ခန္တီ ဆိုတာ "ခမု"ဓါတ် (root)က လာတယ်။ ခမုဓါတ်ကို အနက်ဖော်ရင် 'ခမုသဟနေ-စွမ်းနိုင်ခြင်း'ဆိုတဲ့ အဓိပ္ပါယ်ရတယ်။ ခန္တီဆိုတာ စွမ်းနိုင်တယ်လို့ အဓိပ္ပါယ်ရတယ်။ ဒါဖြင့် ဘာစွမ်းနိုင်တာလဲဆိုရင် တစ်စုံတစ်ယောက်က မိမိကို ဒေါသထွက်လာအောင် လာနှောင့်ယှက်ပေမယ့် ဒေါသမထွက်အောင် ထိန်းထားနိုင်တယ်။ မူလစိတ်အခြေအနေလေး မပျက်အောင် ထိန်းထားနိုင်တယ်။ **"အတ္တမနတာ စိတ္တဿ"** ကြည်နူးနေတဲ့ စိတ်ကလေးကို ပြင်ပက အနှောင့်အယှက်ကြောင့် ပျက်စီးမသွားအောင် ထိန်းသိမ်းထားနိုင်တဲ့ စွမ်းရည်သတ္တိတစ်မျိုးကို ခန္တီ လို့ခေါ်တယ်။

လောကကြီးမှာ တစ်ချို့ပုဂ္ဂိုလ်တွေ "ခန္တီ၊ ခန္တီ" လို့ ပြောနေပေမယ့် တကယ် ခန္တီမဟုတ်ဘူး။ ဒါ

ကြောင့် ရယ်စရာအနေနဲ့ "ခန္တီစ-မနိုင်လို့ သည်းခံရခြင်းသည်လည်းကောင်း"ဆိုတဲ့ အဓိပ္ပါယ်ပေါ်လာတာပေါ့နော်။ မနိုင်လို့ အလျှော့ပေးတာကို ခန္တီ လို့ ထင်နေကြတယ်။ တစ်ကယ်တော့ ခန္တီဆိုတာ မနိုင်လို့ သည်းခံတာ မဟုတ်ဘူး။ မိမိရဲ့ ပင်ကိုယ်ကြည်နူးနေတဲ့စိတ်လေးကို မပျက်အောင် ထိန်းထားနိုင်တဲ့ စွမ်းရည်သတ္တိ၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု သဘောထားကို ခန္တီလို့ ပြောတာ။ အေး . . ဒေါသထွက်ပြီးတော့ လူက အံကြိတ်နေတယ်၊ သို့သော် ပြန်တော့ မပြောဘူး၊ ပြန်တော့ မလုပ်ဘူး ဆိုတာမျိုးကို ဒီကနေ့ ခန္တီ လို့ ခေါ်ကြတယ်။ စိတ်ပိုင်းဆိုင်ရာက တုံ့ပြန်နေတာဖြစ်တဲ့ အတွက်ကြောင့် အဲဒီဟာ ခန္တီ မဟုတ်ဘူးတဲ့။ ပြန်မပြောတာပဲရှိတယ်၊ ခန္တီ အစစ်မဟုတ်ဘူး။ ခန္တီ ဆိုသည်မှာ ပင်ကိုယ်အနေအထားလေး မပျက်အောင် ထိန်းနိုင်တာကို ပြောတာ။ အဲဒါကြောင့် ခန္တီဆိုတာ မေတ္တာမပျက်အောင် ထိန်းထားနိုင်တဲ့ စွမ်းရည်သတ္တိပဲ။ လူတဘက်သား အကျိုးစီးပွားကို လိုလားတဲ့ စိတ်နေ သဘောထားသည် မေတ္တာ။ ထို မေတ္တာ ပျက်မသွားရအောင်

ထိန်းထားတာသည် ခန္တီ ပဲ။

မေတ္တာဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားကို လိုလားတဲ့ စိတ်နေသဘောထားပဲ။ စကားလုံးအရ ပြောရရင် မေတ္တာဆိုသည်မှာ "မိတ္တဿ ဧသော"ဆိုတဲ့အတိုင်း မိတ်ဆွေရဲ့ စိတ်ဓါတ်ကို မေတ္တာ လို့ခေါ်တယ်။ မိတ်ဆွေရဲ့စိတ်ဓါတ်ဆိုသည်မှာ မိတ်ဆွေ ဟာ ဘယ်လိုစိတ်မျိုး ထားသလဲ။ ကိုယ်ချစ်ခင်နှစ်သက်တဲ့ မိတ်ဆွေသူငယ်ချင်း တစ်ယောက်ရဲ့ ကောင်းစားမှုကို လိုလားတယ်။ အကျိုးတရားကို လိုလားတယ်၊ အဲဒါဟာ မေတ္တာ ပဲ။

ဘာသာပြန်မယ်ဆိုရင် မေတ္တာဆိုတာ "မိတ်ဆွေ ရဲ့ စိတ်ဓါတ်"လို့ ဒီလိုပြန်ရမှာပေါ့။ အဲဒီ မေတ္တာ ဆိုတဲ့ သဘောတရားဟာ ဒီနေရာမှာ ဒေါသဖြင့် တုံ့ပြန် မှု မပြုဘဲနဲ့ ပင်ကိုယ် အခြေအနေကောင်းအတိုင်း မိမိရဲ့ စိတ်ကလေးကို ထိန်းထားနိုင်ပြီဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ "အက္ကောဓေန ဇိနေ ကောဓံ" ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မေတ္တာဖြင့် အနိုင်ယူလိုက် ခြင်းပဲဖြစ်တယ်။ ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်

ကို အနိုင်ယူတာဟာ မေတ္တာနဲ့ ခန္တီနဲ့ အနိုင်ယူရမယ် တဲ့။ ဒါက ဓမ္မဘက်ကနေ အနိုင်ယူတဲ့နည်းပေါ့။

လောကအမြင်နဲ့ အနိုင်ယူတာကျတော့ အဲဒီလို မဟုတ်ဘူး။ ဒေါသကို ဒေါသနဲ့ပဲ တုံ့ပြန်တယ်။ သူက တစ်ချက်တီးရင် ငါက နှစ်ချက်တီးမယ်ဆိုတာမျိုး။ အဲဒီလို ဒေါသကို ဒေါသနဲ့ တုံ့ပြန်ဖြေရှင်းတဲ့ နည်းစနစ်ဟာ တကယ့် အနိုင်ရခြင်း မဟုတ်ဘူး။ ရှုံးခြင်းပဲလို့ ဒီလိုဆိုလိုပါတယ်။ ဒါက မျက်မြင်ပစ္စက္ခ သဘာဝတရားနဲ့ ကြည့်ပြီးတော့ ပြောတာ။ အဲဒီတော့ တစ်ယောက်က ဒေါသထွက်နေတယ်၊ အဲဒီ ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို ကျန်တဲ့ပုဂ္ဂိုလ်က ခန္တီ မေတ္တာနဲ့ တုံ့ပြန်တယ်။ အဲဒီလို တုံ့ပြန်တဲ့အခါမှာ ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ နှိပ်စက်ညှင်းဆဲမှုကို ခန္တီ မေတ္တာထားတဲ့ ပုဂ္ဂိုလ်က ခံလိုက်ရတယ်။ လောက လူတွေရဲ့ အမြင်မှာ ငုံ့ပြီးခံလိုက်ရသည့်အတွက် ခန္တီ မေတ္တာနဲ့ တုံ့ပြန်တဲ့ ပုဂ္ဂိုလ်ဟာ ရှုံးသူ ဖြစ်နေတယ်။ ဒေါသနဲ့ အနိုင်ယူတဲ့ ပုဂ္ဂိုလ်ကိုတော့ နိုင်သူလို့ ဒီလို သတ်မှတ်ကြတယ်။

သို့သော် ဓမ္မကြောင်းက ကြည့်လိုက်တဲ့အခါ

ဒေါသထွက်တဲ့ ပုဂ္ဂိုလ်က ရှုံးသူဖြစ်သွားတယ်။ ခန္တီ မေတ္တာနဲ့ တုံ့ပြန်တဲ့ ပုဂ္ဂိုလ်က နိုင်သူဖြစ်တယ်။ ဒေါသထွက်တဲ့ ပုဂ္ဂိုလ်က ဘယ်လိုရှုံးတာလဲ၊ ခန္တီ မေတ္တာနဲ့ တုံ့ပြန်သူက ဘယ်လိုနိုင်တာလဲ။ ဓမ္မရှုထောင့်က ကြည့်လိုက်၊ ဒေါသနဲ့တုံ့ပြန်တဲ့ ပုဂ္ဂိုလ်ဟာ နံပါတ်(၁) သူ့မှာ စိတ်နှလုံး ပူလောင်ပြီး နေတယ်။ စိတ်နှလုံး ပူလောင်လာတော့ နံပါတ်(၂) မပြောသင့်တဲ့စကားတွေ ဖရုသဝါစာ ကြမ်းတမ်းတဲ့ စကားတွေနဲ့ ဝစီကံထိုက်လာတယ်။ နံပါတ်(၃) ဝစီကံထိုက်ရုံမကဘူး။ဒေါသ မပြေနိုင်တဲ့အတွက် ကိုယ်ထိလက်ရောက် ကျူးလွန်မှု ပြုလာတယ်။ အဲဒီတော့ တစ်ခုပြီးတစ်ခု သူဟာ မှားလာခဲ့တယ်။ **စိတ်နှလုံး ပူလောင်တာက ပထမ၊ ကြမ်းတမ်းတဲ့စကား ပြောဆိုမိတာက ဒုတိယ၊ ကိုယ်ထိလက်ရောက် နှိပ်စက်ညှင်းပမ်းမိတာက တတိယလို့ဆိုတဲ့** အဆင့်အထိ ရောက်သွားတယ်။

အဲဒီလိုရောက်သွားတဲ့အတွက် စိတ်ဆိုးတယ် ဆိုကတည်းက အကုသိုလ်ရဲ့ လွှမ်းမိုးမှု ဒီလူ ခံနေရပြီပေါ့။ အကုသိုလ်ခံနေရရုံမကဘူး၊ မနောကံအဆင့်

ကနေပြီး ဝစီကံအဆင့်ဆို ကျူးလွန်မှုတွေ လုပ်လာတယ်။ ဝစီကံအဆင့်ကနေပြီး ကာယကံကျူးလွန်မှုတွေ လုပ်လာတယ်။ သူလုပ်တဲ့ လုပ်ရပ်တွေဟာ သံသရာမှာ နစ်မွန်းဖို့ပဲ။ နောက်ဆုံးမှာ ဒေါသသမားဟာ ဘယ်ရောက်သွားသလဲဆိုရင် ဆင်းရဲဒုက္ခတို့ရဲ့ စုပြုံကျရောက်ရာဖြစ်တဲ့ ငရဲဘုံကို ရောက်သွားတယ်။

ဓမ္မအမြင်နဲ့ ကြည့်ရင် သူက ရှုံးသွားပြီ၊ သေတော့ ငရဲဘုံရောက်တယ်။ လောကအမြင်နဲ့ကြည့်ရင် သူက နိုင်လိုက်တယ်ပေါ့။ သို့သော် သူဟာ အရှုံးကြီး ရှုံးသွားတာ၊ သူ့ရဲ့ နှလုံးသားထဲမှာ ကုသိုလ်၊ မေတ္တာဆိုတာ မကျန်တော့ဘဲ ဒေါသရဲ့လွှမ်းမိုးမှုကြောင့် ဒီဘဝမှာလည်း ငြိမ်းချမ်းမှုတွေ သူ့မှာ ကင်းဝေးသွားတယ်။ နောက်ဘဝမှာလည်း လူ့ဘုံထက်နိမ့်ကျတဲ့ ဆင်းရဲဒုက္ခတွေ စုပြုံကျရောက်နေတဲ့ ငရဲဘုံကိုရောက်သွားတယ်။ ငရဲဘုံက လွတ်လာတဲ့အခါမှာလည်း အဲဒီ ဒေါသသမားဟာ အရုပ်ဆိုးအကျည်းတန်တဲ့ ဘဝကိုရောက်တယ်။ သံသရာမှာ တစ်သံသရာလုံး သူရှုံးတာ။ သူက လှချင်ပေမယ့်လို့ ဒေါသရဲ့အကျိုးကို ရထားသည့်အတွက်၊

ဒေါသကံတွေ ကျူးလွန်ထားသည့်အတွက် ဘယ်ဘဝ ရောက်ရောက် သူဟာ အရုပ်ဆိုးအကျည်းတန်တဲ့ ပုဂ္ဂိုလ် ဖြစ်နေတယ်။ အေး၊ ဒါကြောင့်မို့လို့ လောက အမြင်မှာ အနိုင်ရလိုက်တယ်လို့ ထင်ပေမယ့် ရှုံးသွားတဲ့ ပုဂ္ဂိုလ်ပဲ။ နိုင်သူမဟုတ်ဘူး သံသရာမှာ ရှုံးသူသာ ဖြစ်တယ်။

ကဲ တစ်ဘက်ကမေတ္တာနဲ့ တုံ့ပြန်တဲ့ပုဂ္ဂိုလ်က လောကအမြင်နဲ့ ကြည့်မယ်ဆိုရင် ဒီလူ အရှုံးပေးလိုက်ရတာ။ ဘာမှ ပြန်မပြောရဲဘူး၊ ဘာမှ ပြန်မလုပ်ရဲဘူး၊ အားလုံး ငုံ့ခံလိုက်ရတယ်၊ လောကမှာ အရှုံးသမားကြီးလို့ ဒီလိုမြင်ကြမှာ။ ဟော မဖွရှုထောင့်က ကြည့်လိုက်ရင် သူဟာ မေတ္တာမပျက်ကိုယ့်ကိုယ်ကို ထိန်းထားနိုင်တဲ့အတွက်ကြောင့် ခန္တီဆိုတဲ့တရား နှလုံးသားထဲမှာ ကိန်းတယ်၊ မေတ္တာမပျက်ဘူး၊ မေတ္တာမပျက်သည့်အတွက် သူ့ရဲ့ နှလုံးဟာ အေးချမ်းတယ်။ အေးချမ်းသည့်အတွက် နှုတ်ကနေ ဖရုသဝါစာ ဆိုတဲ့ ဝစီကံကို ကျူးလွန်မှု မလုပ်ဘူး။ ကာယကံ ကျူးလွန်မှု မလုပ်ဘူး။ စတင်ကတည်းက နှလုံးသားထဲမှာ အဆိုး

တရားတွေ ဝင်မလာဘဲ အကောင်းတရားတွေနဲ့ ရပ်တည်နေနိုင်တာဖြစ်တယ်။ အဲဒီလို ရပ်တည်နေနိုင်သည့်အတွက် လူတွေရဲ့အမြင်မှာ အရှုံးပေးလိုက်ရသူလို့ ထင်ရသော်လည်း တကယ်ကတော့ သူဟာ နိုင်လိုက်တာသာ ဖြစ်တယ်။

သံသရာမှာ ကြည့်မယ်ဆိုရင်လည်း ဒီပုဂ္ဂိုလ်ဟာ ဒေါသနဲ့ မတုံ့ပြန်သည့်အတွက် သေသည်၏ အခြားမဲ့ ကောင်းရာသုဂတိဘုံ ရောက်သွားတယ်။ ကောင်းရာသုဂတိဘုံ ရောက်ရုံမျှမက၊ ဖြစ်လေရာဘဝမှာ ရုပ်ဆင်း အင်္ဂါ လှပချောမောတယ်။ ဟော ဓမ္မရှုထောင့်က ကြည့်မယ်ဆိုရင် ဒီဘဝမှာလည်း သူဟာ နိုင်တာပဲ။ ဒေါသကြောင့် အရုပ်ဆိုးနေတဲ့ပုဂ္ဂိုလ်နဲ့ ခန္တီမေတ္တာကြောင့် ရုပ်လှနေတဲ့ ပုဂ္ဂိုလ်ဟာ ယှဉ်လို့ မရအောင်ကွာခြားတယ်။ အလှချင်းပြိုင်ရင် ဘယ်သူက နိုင်မလဲဆိုရင် မေတ္တာသမားက နိုင်မှာပေါ့။

အဲဒီတော့ သူတို့နှစ်ယောက်ဟာ သံသရာခရီးသွားတဲ့အခါ ဘယ်သူကနိုင်တာတုန်းဆိုတော့ ခန္တီမေတ္တာသမားက နိုင်တာ။ ဒေါသသမားက ရှုံးသွားပြီ။

ဘဝတိုင်းမှာ ဒေါသသမားက နိမ့်ကျပြီးတော့ ခန္တီသမား က အဆင့်မြင့်တယ်။ အထက်တန်းကျတယ်။ ဒီလို ဆိုလိုတာနော်။ ဒါကြောင့် မြတ်စွာဘုရားက တစ်ကယ့် အောင်နိုင်တဲ့နည်းကို ပေးတာ။ "**အက္ကောဓေန ဇိနေ ကောဓံ**"တဲ့ ဒေါသထွက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ခန္တီမေတ္တာနဲ့ပဲ အနိုင်ယူပါလို့ ပြောတာ။ ဒါ မှန်ကန်တဲ့ အနိုင်ယူနည်းတစ်ခု ဖြစ်တယ်။

ဒီလို အနိုင်ယူတဲ့နေရာမှာ သိကြားမင်းကြီးဟာ စံပြုလောက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။ လူ့ဘဝမှာတုန်းက **ခန္တီမေတ္တာ**ကို အလေ့အကျင့်လုပ်တယ်။ **မဃလုလင်** ဘဝမှာ သူ့ကိုဘယ်လိုပဲ စော်ကား'စော်ကား၊ သည်းခံ ခြင်း ခွင့်လွှတ်ခြင်းဆိုတဲ့ စိတ်သဘောထားနဲ့ပဲ သူက နေတယ်။ ဘယ်သူ့ကိုမှ ဒေါသနဲ့ မတုံ့ပြန်ခဲ့ဘူး။ **မဃ** ဝတ္ထုဇာတ်လမ်းကို သိတဲ့ပုဂ္ဂိုလ်တိုင်း ဒါဟာ အင်မတန်မှ ထင်ရှားတယ်။

အေး ဒါ့အပြင် **ဓမ္မပဒ**ထဲမှာ ဝတ္ထုလေးတစ်ပုဒ် ရှိသေးတယ်။ တစ်ခါတုန်းက ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ဟာ နတ်ပြည်မှာ နတ်စည်းစိမ်ခံစားနေတဲ့

ပုဂ္ဂိုလ်တွေထံ ဒေသစာရီ ကြွချီတော်မူတယ်။ ရှင်-မဟာမောဂ္ဂလာန်ဟာ လူတွေကို Encourage လုပ်ချင်လို့၊ တိုက်တွန်းချင်လို့ နတ်ပြည်ကို ခရီးသွားတယ်။ ဘာကုသိုလ်လုပ်လို့ နတ်စည်းစိမ်ရတာလဲလို့ မေးမြန်းတယ်။ ခုခေတ်လိုတော့ အင်တာဗျူး လုပ်တာပေါ့။ အဲဒီလို အင်တာဗျူးလုပ်ပြီး ပြန်ဟောတာ၊ အဲဒါကို "ဝိမာနဝတ္ထု"လို့ခေါ်တယ်။ ဘယ်သူဖြင့် ဘယ်လိုကောင်းမှုလုပ်လို့ နတ်ပြည်မှာ နတ်စည်းစိမ်ခံစားနေရတယ်ဆိုတာ ပြန်ဟောတာ။

အေး . . အဲဒီလိုပဲ ငရဲဘုံ၊ ပြိတ္တာဘုံတို့ အပါယ်ဒုဂ္ဂတိဘုံတွေလည်းပဲ ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ကြွသွားပြီးတော့ ဘယ်လို အကုသိုလ်တွေကြောင့် ဒီလိုဒုက္ခခံစားနေရတာလဲလို့ စုံစမ်းမေးမြန်းပြီး လူ့ပြည်မှာ ပြန်ဟောလေ့ရှိတယ်။ ဒါဟာ ရှင်မဟာမောဂ္ဂလာန်ရဲ့ ထူးခြားတဲ့ သာသနာပြုနည်းတစ်ခုပေါ့။ အေး . . ဘယ်သူဖြင့် မကောင်းတာလုပ်လို့ ငရဲခံနေရတယ်၊ သို့မဟုတ် ပြိတ္တာဘုံရောက်နေတယ်၊ ဆင်းရဲဒုက္ခတွေခံနေရ တယ်၊ ဘယ်သူကဖြင့် ကောင်းတာတွေလုပ်လို့

နတ်ပြည် နတ်ဘုံမှာ စည်းစိမ်ချမ်းသာတွေ ခံစားနေရတယ်ဆိုတာတွေကို ရှင်မဟာမောဂ္ဂလာန်က ပြန်ဟောလေ့ရှိတယ်။

အဲဒီလိုပြန်ဟောတဲ့အထဲမှာ အမျိုးသမီးတစ်ဦး နတ်ပြည်မှာ နတ်သမီးဖြစ်နေတဲ့အကြောင်း ပါတယ်။ သူမဟာ ဘုံဗိမာန်ကြီးနဲ့ စံစားနေတယ်၊ ဘုံဗိမာန်တံခါးဝ ရောက်သွားတဲ့အခါ အဲဒီဗိမာန်ရှင်က ထွက်လာပြီး ရှင်မဟာမောဂ္ဂလာန်ကို ရှိခိုးဦးချတယ်။ ထိုအခါမှာ "ဘာလုပ်ခဲ့လို့ ဒီလိုကြီးကျယ်ခမ်းနားလှတဲ့ ဘုံဗိမာန်ကြီးနဲ့ လှလှပပ စည်းစိမ်ချမ်းသာတွေကို ခံစားနိုင်တာလဲ၊ ဘယ်ကုသိုလ်လုပ်ခဲ့တာလဲ"လို့မေးတယ်။ အဲဒီ နတ်သမီးက လျှောက်တယ်၊ "အရှင်ဘုရား ဒါန သီလ စတဲ့ကောင်းမှုတွေကို တပည့်တော်မ ဘာတစ်ခုမှ မလုပ်ခဲ့ဘူးဘုရား၊ တပည့်တော် လုပ်ခဲ့တာကတော့ တပည့်တော်ရဲ့ ယောက်ျားက အတော်ဆိုးတယ်၊ အမြဲတမ်း တပည့်တော်ကို အကြောင်းရှာပြီးတော့ ရိုက်နှက်၊ မာန်မဲ၊ ဆဲရေးပြီးတော့ နေတာ၊ အဲဒီလိုနှိပ်စက်ပေမယ့်လို့ တပည့်တော် စိတ်ထဲက ဘယ်လိုထားသလဲ

ဆိုတော့ "အော် (အိန္ဒိယ နိုင်ငံရဲ့ ဥပဒေအရ) ငါ့ရဲ့ ယောက်ျားဟာ ငါ့ကို အမှတ်တံဆိပ်ခတ်ပြီးတော့ ကျွန်မ အဖြစ်ကြေညာလို့ ရတယ်၊ သူလုပ်ချင်တာလုပ်လို့ရတယ်"ဆိုပြီးတော့ တပည့်တော်ဟာ သူ့ကို သည်းခံခွင့်လွှတ်တယ်။ ဘယ်တော့မှ ဒေါသနဲ့ မတုံ့ပြန်ခဲ့ဘူး။ သည်းခံနေခဲ့တယ်။ ဘယ်လောက် နှိပ်စက်နှိပ်စက်၊ အပြုံးမပျက် သည်းခံပြီး ခန္တီတရားနဲ့ နေခဲ့ပါတယ်။ တပည့်တော်လုပ်ခဲ့တဲ့ ကုသိုလ်က ဒါပဲဘုရား။ တခြား ဒါနကောင်းမှုတွေလည်း လုပ်ခဲ့တာမရှိဘူး၊ သီလလည်း လုပ်ခဲ့တာမရှိဘူး၊ 'လင်ဆိုးမယား တစ်ဖါးဖါး' ဆိုတဲ့အတိုင်း အင်မတန်ဆိုးတဲ့ ယောက်ျားရဲ့ နှိပ်စက်တာကို သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာဖြင့် တုံ့ပြန်ခဲ့ခြင်း အတွက်ကြောင့် တပည့်တော် ဒီစည်းစိမ် ရတာပါ"လို့ သူ ကိုယ်တိုင်က ပြန်ပြောပြတယ်။

ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ဟာ အခုလိုပဲ ဒေသစာရီ ကြွချီပြီး မေးမြန်းလေ့ရှိတယ်။ သူ့ရဲ့ သာသနာပြုလုပ်ငန်းဟာ အလွန်အောင်မြင်တယ်လို့ ပြောရမှာပေါ့။ အဲလို အလွန်အောင်မြင်သည့်အတွက်

ကြောင့် မခံနိုင်တဲ့ပုဂ္ဂိုလ်တွေက လူသတ်သမားတွေ ဌားပြီး ရှင်မဟာမောဂ္ဂလာန်ကို လုပ်ကြံသတ်ဖြတ်တဲ့ အဆင့်အထိ ရောက်သွားတာပေါ့။ တစ်ချို့ကတော့ ပြောကြလိမ့်မယ်။ ဒါ အတိတ်ကံကြောင့်လို့။ အတိတ်ကံကြောင့် ဆိုတာလည်း ဟုတ်တယ်။ သို့သော် အတိတ်ကံက ပစ္စုပ္ပန်လုပ်ရပ်ပေါ်မှာ မူတည်တယ်။ သူ့ရဲ့ သာသနာပြုလုပ်ငန်းဟာ အလွန်အောင်မြင်တယ်။ ဒီလို အောင်မြင်လို့လည်း ဒီ ရှင်မဟာမောဂ္ဂလာန်ကိုတော့ ဖယ်ရှားပစ်မှ ဖြစ်မယ်ဆိုတဲ့ အတွေးဝင်လာတယ်။ သူ့ဘာသူ တရားကျင့်ပြီး သမာပတ်ချမ်းသာခံစားပြီး အေးအေးဆေးဆေးနေမယ်ဆိုရင် ဒီအဖြစ်ဆိုး မကြုံနိုင်ဘူးလို့ ဆိုနိုင်တာပေါ့။ သို့သော် ကံကြမ္မာရဲ့ အကျိုးပေးဖို့ ကြုံလာတယ်။ ဟောဒီလုပ်ရပ်ဟာ အကုသိုလ်ကံကို နိုးထလာစေတဲ့ လုပ်ရပ်တစ်ခုပဲပေါ့။ မုန်းတဲ့ပုဂ္ဂိုလ်တွေရဲ့စိတ်ခါတ် ပိုမုန်းအောင်လုပ်ပေး သလို ဖြစ်သွားတယ်။

နောက်တစ်ခုက ရှင်မဟာမောဂ္ဂလာန်ဟာ သံဃာပရိတ်သတ်ထဲမှာ သီတင်းသုံးနေမယ်ဆိုရင် ဒီလို

အဖြစ်ဆိုးနဲ့ ကြုံမှာမဟုတ်ဘူး။ ကာဠသိလာ ဆိုတဲ့ တောင်ကုန်းပေါ်မှာ တစ်ပါးတည်းနေတာကိုက ဒီလို အဖြစ်ဆိုးကြုံဖို့အတွက် ဖြစ်လာတာပေ့ါ။ ဒါတွေဟာ လည်း ပစ္စုပ္ပန်အကြောင်းပဲ။ ဒီလိုအကြောင်းတရားတွေ စုပေါင်းညီညာ ဖြစ်လာတဲ့အခါ အတိတ်ကံ အကျိုးပေး ဖို့ ကြုံလာရတယ်။ အတိတ်ကံသက်သက် အကျိုးပေး လို့ မရဘူး။ ပစ္စုပ္ပန်အခြေအနေပေးမှ ဖြစ်တာ။ အခုလို ဒေသစာရီ ကြွချီပြီး တရားဟောတာဟာလည်း သာသနာပြုလုပ်ငန်း အောင်မြင်သည့်အတွက်ကြောင့် အခြားတစ်ဘက်က မခံမရပ်နိုင်ဖြစ်ပြီး ရှင်မဟာ- မောဂ္ဂလာန်မထေရ်မြတ်ကို အပြတ်ရှင်းချင်တဲ့ စိတ်တွေ ပေါ်လာတာ။

အေး . . ဒါကြောင့်မို့ ဒီနေရာမှာ ဘုန်းကြီးတို့ မြတ်စွာဘုရားက **အဝွောဒေန ဇိနေ ကောဓံ**။ ဒေါသမာန်ပွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဖြင့်သာ အနိုင်ယူပါ။

သိကြားမင်းကြီးက သည်းခံခွင့်လွှတ်မှု လူ့ဘဝ တုန်းကလည်း ကျင့်ခဲ့တယ်။ နတ်ဘုရင် ဖြစ်တဲ့အခါမှာ

လည်း သည်းခံရတဲ့အချက်တွေ အများကြီးကြုံ တွေ့ခဲ့ရတယ်ပေါ့။ တာဝတိံသာနတ်ပြည်ရဲ့ ရှေးဦးစွာ ရောက်ရှိနေတဲ့ နတ်တွေကို အသုရ လို့ခေါ်တယ်။ လူတွေအနေနဲ့ပြောရမယ်ဆိုရင် တစ်ချို့ကျွန်းနိုင်ငံတွေမှာ **အဘောရိဂျီနီ** (aborigine) မူလကျွန်းနေ လူရိုင်းမျိုးတွေရှိတယ်။ အဲဒီလိုပဲ တာဝတိံသာနတ်ပြည်မှာ မူလကရောက်နေတဲ့ ရှေးဟောင်းနတ်တွေရှိတယ်။ အဲဒီနတ်တွေကို အသုရ လို့ခေါ်တယ်။

ဒီကနေ့ခေတ်မှာ ဩစတြေးလျနိုင်ငံကို ကြည့်ပေါ့။ အဘောရိဂျီနီတွေ မူလကျွန်းနေလူတွေရှိတယ်၊ နောက် အမေရိကမှာလည်း Red Indian ဆိုတဲ့ လူတွေရှိတယ်။ မူလကျွန်းနေလူတွေပေါ့။ နောက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေက တစ်ခြားနိုင်ငံက ပြောင်းလာကြတာ။ သီဟိုဠ်ကျွန်းမှာလည်း "ဝဲဒ"ဆိုတဲ့ အဘောရိဂျီနီကျွန်းနေလူတွေ ရှိတယ်။ အဲဒီလို ကျွန်းနေလူတွေလူဟောင်းတွေ ရှိနေသလိုပဲ နတ်ပြည်မှာလည်း သိကြားမင်းကြီးတို့ ရောက်သွားတဲ့အခါမှာ အသုရဆိုတဲ့ နတ်တွေရှိနေတယ်။ နောက်ကျတော့ အသုရ

ဆိုတဲ့ နတ်တွေဟာ နတ်ဖြစ်ပေမယ့်လို့ သူတို့ဟာ အရက်အမြဲတမ်းသောက်တဲ့ နတ်တွေ၊ အရက်ကြိုက်တဲ့ နတ်တွေပေါ့။ သိကြားမင်းနဲ့အဖွဲ့ နောက်ထပ်ရောက်လာပြီ ဆိုတော့ သူတို့က နတ်သားအသစ်တွေ ရောက်လာလို့ အရက်နဲ့ ဧည့်ခံကြတာ။ အဲဒီလို ဧည့်ခံတဲ့အခါမှာ သိကြားမင်းကြီးက သူနဲ့အတူဖြစ်တဲ့ နတ်တွေကို သတိပေးပြီး မသောက်ဖို့ပြောတယ်။ ဟို နတ်တွေက သောက်နေကျအတိုင်း သောက်ကြတယ်။ အကုန်လုံး မူးယစ်သွားကြတယ်။ နောက်မှရောက်တဲ့ နတ်တွေက မသောက်သည့်အတွက် မူးယစ်မှုမရှိဘူး။ အဲဒီလို မူးယစ်နေတဲ့ အသုရနတ်တွေကို သိကြားမင်းကြီးက ဒီနတ်တွေနဲ့ အတူနေလို့ မဖြစ်ဘူးဆိုပြီး အဲဒီနတ်တွေကို ခြေထောက်နှစ်ချောင်းကိုင်ပြီး ပင်လယ်ထဲ ပစ်ချလိုက်ကြလို့ ပြောတာပဲ။ အဲဒီလို မြင့်မိုရ်တောင်ထိပ်က ပင်လယ်ထဲ ပစ်ချလိုက်တဲ့အခါ မြင့်မိုရ်တောင်ရဲ့ အောက်ခြေပိုင်းမှာ အသုရဘုံ ဆိုတာ ဖြစ်တယ်။

တာဝတိံသာနတ်ပြည်မှာ ပင်လယ်ကသစ် ပွင့်

တယ်၊ အသုရနတ်ပြည်မှာတော့ သခွပ်ပင် ပွင့်တယ်။ အသုရာဘုံက နတ်တွေ အရက်မူးပြေလို့ ကြည့်လိုက်တဲ့အခါမှာ သူတို့ဘုံလို့ပဲထင်ကြတယ်။ သို့သော် သခွပ်ပင် ပွင့်တဲ့အခါ ခါတိုင်းပွင့်နေကျ ကသစ်ပင် မဟုတ်ပါလားဆိုတာ သူတို့သတိထားမိတယ်။ တာဝတိံသာနတ်ပြည်မှာ ကသစ်ပင် ပွင့်တာကိုး၊ သခွပ်ပင် ပွင့်လို့ မဟုတ်မှန်းသိတဲ့အခါ၊ တို့တော့ လှည့်စားခံရပြီ၊ မောင်းထုတ်ခံရပြီလို့ မကျေမချမ်းနိုင်ပဲ တာဝတိံသာနတ်ပြည်တက်ပြီး စစ်တိုက်ကြသတဲ့။

ပရိတ်ကြီး (၁၁)သုတ် ထဲမှာ ဓဇဂ္ဂသုတ် ဆိုတာရှိတယ်။ သိကြားမင်းကြီးလည်း စစ်တိုက်ထွက် ရတယ်။ အသုရနတ်တွေ စစ်လာတိုက်တဲ့အခါမှာ တာဝတိံသာနတ်တွေမကြောက်အောင် သိကြားမင်းကြီးက အားပေးစကားပြောတာကို စံနမူနာယူပြီး မြတ်စွာဘုရားက ဓဇဂ္ဂသုတ်ကိုဟောတာ။ ဓဇဂ္ဂ ဆိုတာ အောင်တံခွန်အလံများလို့ဆိုလိုတယ်။

အဲဒီမှာ တစ်ခါက သိကြားမင်းကြီးက တာဝတိံသာနတ်ပြည်ကို ရောက်လာတဲ့ ဝေပစိတ္တိ အသုရမင်းကို

မြင်မြင်ချင်း ဖမ်းလိုက်တယ်၊ ဖမ်းတယ်ဆိုတာ စိတ်နဲ့ပဲ ဖမ်းလိုက်တာ၊ ဖမ်းလိုက်တဲ့အခါ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်း ချည်နှောင်ပြီးသား ဖြစ်သွားတယ်။ အဲဒီလိုချည်ထားပြီးတော့ ဝေပစိတ္တိအသုရကို သုဓမ္မာနတ်သဘင်အဝင်အထွက်နေရာမှာ ချည်နှောင်ထားတယ်။ ကိစ္စရှိလို့ သုဓမ္မနတ်သဘင် ဝင်လိုက်ထွက်လိုက်လုပ်တဲ့အခါ သိကြားမင်းကို မြင်တိုင်းမြင်တိုင်း အဲဒီ ဝေပစိတ္တိအသုရ က ဆဲတယ်၊ ဘယ်လောက်ဆဲဆဲ၊ သိကြားမင်းကြီးက မတုံ့ပြန်ဘူး။ မကြားချင်ယောင်ဘဲဆောင်တယ်။ နောက်ကလိုက်လာတဲ့ မာတလိနတ်သားက အားမလို အားမရ ဖြစ်တယ်။ 'စော်စော်ကားကား ဒီလောက်ဆဲနေတာ ဘာလို့ မတုံ့ပြန်ရတာလဲ၊ မှတ်လောက်သားလောက်အောင် အပြစ်ပေးဖို့ကောင်းတယ်'ပေါ့။ ဒီ ဝေပစိတ္တိအသုရကို အပြစ်ပေးဖို့ ကောင်းတယ် ပြောတော့၊ သိကြားမင်းကြီးက ဘာပြန်ပြောတာတုန်းဆိုရင် "အေး . . ငါ အခုသူ့ကို မတုံ့ပြန်ဘဲနေတာ အပြစ်ပေးနေတာပဲ၊ ဒီ အပြစ်ပေးနည်းက အလွန်ယဉ်ကျေးတဲ့ အပြစ်ပေးနည်းပဲ၊ သူ့ကို ငါ ပြန်မပြော

တာသည်ပင်လျှင် သူ့ကို ငါဆုံးမနေတာ”တဲ့။ အဲဒီလို ပြန်ပြောဘူးတယ်။ အဲဒီသုတ္တန်ဟာ သတ္တသံယုတ်မှာ ရှိတယ်။

ဒီနေရာမှာ မတုံ့ပြန်မှုနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားဟောထားတဲ့ သုတ္တန်တစ်ခုဟာ အလွန်မှတ်သားစရာ ကောင်းတယ်။ သံယုတ်ပါဠိတော်မှာ 'အက္ကောသက ဘာရဒွါဇသုတ်' ဆိုတာ ရှိတယ်။ ပြာဟ္မဏတွေဟာ မြတ်စွာဘုရားကို ဆန့်ကျင်သူတွေ ဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိန္ဒိယနိုင်ငံမှာ ပြာဟ္မဏနှင့် သမဏဆိုတဲ့ ဘာသာရေးနှစ်ခု ရှိတယ်။ ပထမတုန်းက ပြာဟ္မဏတွေ ဦးဆောင်ခဲ့တယ်။ နောက်ပိုင်းမှာ ပြာဟ္မဏတွေက လောဘကြီးပြီး စီးပွားဥစ္စာအတွက် ကိုယ်ကျင့်တရား ပျက်ပြားလာတဲ့အခါမှာ သမဏဆိုတဲ့ အုပ်စုတစ်စု ပေါ်လာတယ်။ မြတ်စွာဘုရားဟာ သမဏ အုပ်စုထဲပါတာပေါ့။ အဲဒါကြောင့် ပြာဟ္မဏတွေက နောက်မှပေါ်လာတဲ့ သမဏတွေကို ကျေနပ်မှု မရှိကြဘူး။ မကျေနပ်ဘူးပေါ့။ အမြဲတမ်း အပြစ်မြင် နေတယ်။

တစ်နေ့တော့ ပြာဟ္မဏတစ်ယောက် ဗုဒ္ဓဘာသာ အဖြစ်ခံယူပြီး သမဏအဖြစ် ကူးပြောင်းသွားတယ်။ အဲဒီလို ကူးပြောင်းသွားတာကို မကျေနပ်တဲ့ သူ့ညီ တစ်ယောက်က မြတ်စွာဘုရားကို ဆဲရေးတယ်။ တော်တော်မှ နစ်နစ်နာနာ ဆဲတာပေါ့။ အဲဒီလို ဆဲတာ ကို မြတ်စွာဘုရားက အပြုံးမပျက် နားထောင်နေတယ်။

မြတ်စွာဘုရားက ဥပမာလေးတစ်ခု ပြောပြတယ်။ "ငါဥပမာတစ်ခုပြောမယ်၊ မင်းတို့အိမ်ကို မိတ်ဆွေတွေ လာတဲ့အခါမှာ မုန့်ပဲသွားရေစာနဲ့ ဧည့်မခံဘူးလား၊" ဧည့်ခံတယ်။ အဲဒီလိုဧည့်ခံတဲ့ဟာကို မိတ်ဆွေတွေက စားသုံးမသွားရင် အဲဒီ မုန့်ပဲသွားရေစာတွေ ဘယ်သူ့ ဟာလည်း၊ သူမစားရင်တော့ ကိုယ့်ဟာပဲပေါ့။ "အေး . . အဲဒီအတိုင်းပဲ မင်းက ငါ့ကိုဆဲရေးခြင်းဖြင့် ဧည့်ခံ တာကို ငါလက်မခံဘူး။ ဆဲတာတွေ မှန်သမျှ မင်းဟာ တွေပဲ"လို့ ပြောတယ်။

အဲဒီ အဓိပ္ပါယ်က စဉ်းစားကြည့်ရင် အလွန် လေးနက်တာပေါ့။ လူတစ်ယောက်က ကိုယ့်လာဆဲလို့ ကိုယ်က ဒေါသနဲ့တုံ့ပြန်ရင် သူဆဲတာကို အသိအမှတ်

ပြုရာရောက်တယ်။ ဒေါသနဲ့မတုံ့ပြန်ဘဲ အမှတ်မထား ဘဲ နေလိုက်တယ်။ ခန္တီမေတ္တာနဲ့နေလိုက် တယ်ဆိုရင် သူဆဲတာကို အသိအမှတ်မပြုဘူး၊ လက်မခံဘူး။ စိတ်ဆိုးရင် လက်ခံခြင်းဖြစ်တယ်။ စိတ်မဆိုးဘူးဆိုရင် လက်မခံဘူး။ အဲဒါကြောင့်မို့ မြတ်စွာဘုရားက မင်းရဲ့ ဆဲရေးမှုတွေကို တစ်ခုမှ လက်မခံဘူးတဲ့။ "လက်မခံတဲ့ လက်ဆောင်"ပဲ။ ဒါကြောင့်မို့ ကိုယ့်ကို လာဆဲတဲ့အခါ မတုံ့ပြန်ဘဲနေရင်၊ သူပေးလာတဲ့ လက်ဆောင်ကို လက်မခံတာဘဲ ဖြစ်တယ်။ တုံ့ပြန်လိုက်မယ် ဆိုရင် သူပေးတဲ့ လက်ဆောင်ကို ကိုယ်က လက်ခံရာရောက် သွားတယ်။ အဲဒီလို ရှင်းပြလိုက်တဲ့အခါ ပုဏ္ဏားက သဘောကျသွားပြီး သူ့ကိုယ်တိုင်လည်း ဗုဒ္ဓဘာသာ ကူးပြောင်းပြီး ရဟန်းပြုသွားတယ်။

ဒီနေရာမှာလည်း နိုင်လိုက်တာက ဘယ်သူလဲ၊ ရှုံးလိုက်တာက ဘယ်သူလဲ၊ အနိုင်အရှုံးကို ကြည့်လို့ ရတာပေါ့။ ဒါကြောင့် မြတ်စွာဘုရားရဲ့ နည်းစနစ်က "အနိုင်အရှုံး"ဆိုတဲ့နေရာမှာ ဓမ္မအမြင်နဲ့ကြည့်တာ သံသရာနဲ့ချီပြီး ကြည့်တာ။ တစ်ခဏလေးမှာ နိုင်လိုက်

သလို ထင်လိုက်ရပေမယ့် အရှုံးကြီး ရှုံးသွားတယ်လို့ မှတ်ရမယ်။

ဒါကြောင့် ဒီဒေသနာတော်အရ တရားချစ်ခင်သူတော်စင် ပရိသတ်တို့ မိမိကိုယ်တိုင် ဒီလိုဒေါသထွက်စရာ၊ မိမိကို စော်ကားလာသူ တွေ့ရင် အနိုင်ယူမှာလား။ အရှုံးပေးမှာလား။ ဒေါသနဲ့ တုံ့ပြန်လို့ရှိရင် အရှုံးပေးတာပဲ။ ခန္တီမေတ္တာနဲ့ တုံ့ပြန်မှ အနိုင်ယူတာပဲလို့ လောကအမြင်နဲ့ မတူတဲ့ ဓမ္မအမြင်မှာ "နိုင်သူနှင့်ရှုံးသူ" ဒီလိုကွဲပြားခြားနားတယ်။

## မကောင်းသူကို အနိုင်ယူနည်း

ကဲနောက်တစ်ခု "**အသာဓုံ သာဓုနာ ဇိနေ**"တဲ့။ လောကလူတွေဟာ လူတိုင်း အကောင်းချည့်လုပ်တာ မဟုတ်ဘူး။မကောင်းတာလည်း လုပ်ကြတယ်။ ကိုယ့်အပေါ် မကောင်းဘူး၊ သူ့အပေါ် မကောင်းဘူး၊ ဒီလူကဖြင့် သူ့အမေအပေါ် မကောင်းဘူး၊ အဖေအပေါ် မကောင်းဘူး။ ညီအစ်ကို မောင်နှမတွေအပေါ်မှာ

မကောင်းဘူး။ မိတ်ဆွေသင်္ဂဟာတွေ အပေါ်မှာမကောင်း ဘူး။ အဲဒီ မကောင်းတဲ့ အမူအရာတွေနဲ့ ဆက်ဆံ တယ်။ မကောင်းတာတွေလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ကို ကိုယ်က ကောင်းတာလုပ်ပြီးတော့ နေရမယ်။ သူ မကောင်းတာ လုပ်တာမျိုးကို လိုက်ပြီး မတုရဘူး။ မကောင်းတာကို မကောင်းတာနဲ့ မတုံ့ပြန်ရဘူး။ မကောင်းတာကို ကိုယ်ကကောင်းတာနဲ့ တုံ့ပြန်ရ တယ်။ အဲဒီတော့ မကောင်းတာကို ကိုယ်က မကောင်းတာနဲ့တုံ့ပြန်မယ်ဆိုရင် ကိုယ်က အနိုင်မရ ဘူး၊ ကိုယ်ပဲရှုံးတယ်။ အေး . . မကောင်းတာကို ကောင်းတာနဲ့တုံ့ပြန်မယ်ဆိုရင် ကိုယ်က အနိုင်ရတယ် လို့ပြောတာ။ မြတ်စွာဘုရားက "မကောင်းသူကို မိမိကိုယ်တိုင်က သူ့အပေါ်မှာကောင်းခြင်းဖြင့် ကိုယ်က အနိုင်ယူပါ"တဲ့။

အေး . . မကောင်းတဲ့ ပုဂ္ဂိုလ်ကို ကိုယ်က ကောင်းလိုက်သဖြင့် အနိုင်ယူတယ်ဆိုတာ ကြည့်၊ မြတ်စွာဘုရားရှင်ဟာ ဒေဝဒတ်နဲ့ ဆက်ဆံတဲ့အခါမှာ အမြဲကောင်းတယ်။ ဒေဝဒတ်ကသာ ဘုရားအပေါ်

အမြဲတမ်းမကောင်းတာ၊ သံသရာကတည်းက မြတ်စွာဘုရားအပေါ် ကောင်းခဲ့တယ်လို့ မရှိဘူး၊ အမြဲတမ်းဒုက္ခပေးနေတာ။ ဘုရားဖြစ်တဲ့ ဘဝမှာလည်း ဘုရားအပေါ် ကောင်းတာမရှိဘူး။ မကောင်းတာတွေချည့်ပဲလုပ်တယ်။ အဲဒီလို မြတ်စွာဘုရား အပေါ် အမြဲတမ်းမကောင်းပေမယ့်လို့ ဘုရားက ဒေဝဒတ်အပေါ်မှာအမြဲတမ်းကောင်းခဲ့တယ်။ မကောင်းတာ ဘယ်တော့မှမလုပ်ဘူး။

ကြည့်လေ၊ ဒေဝဒတ် သာသနာဘောင်ဝင်တယ်ဆိုရင် သင်္ကန်းဝတ်ပေးတယ်။ တရားမွေ့တွေ ဟောပေးတယ်၊ သမထကျင့်စဉ်တွေ ဟောပေးတယ်။ မြတ်စွာဘုရားထံမှ သင်ကြားပြီးတော့ ဒေဝဒတ်ဟာ ဈာန်အဘိညာဉ်တွေ ရသည်အထိ အောင်မြင်သွားတယ်။ ဘုရားက ဒေဝဒတ်အပေါ် ကောင်းတယ်၊ ဆုံးမစရာရှိရင် ဆုံးမတယ်။ ဒေဝဒတ် မကောင်းတာကို မြတ်စွာဘုရားက ကောင်းတဲ့နည်းနဲ့ပဲ ဆက်ဆံတယ်။ အဲဒီတော့ကြည့်လိုက်မယ်ဆိုရင် ဒေဝဒတ် သာသနာဘောင်ဝင်လာတဲ့ အချိန်ကစပြီး တဖြည်းဖြည်းနဲ့ မြတ်စွာဘုရား

ကို ဒုက္ခပေးလာလိုက်တာ၊ ဘုရားက သက်တော် ၇၂-နှစ်အရွယ် အကြီးအကျယ် ဒုက္ခပေးတာ။

ဘယ်လောက်ထိအောင် ဒုက္ခပေးသလဲဆိုရင် အဇာတသတ်နဲ့ပေါင်းပြီး လက်ဖြောင့်လေးသည်တော် လူသတ်သမားတွေ စေလွှတ်တယ်။ ဘုရားကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတယ်။ မအောင်မြင်ခဲ့ဘူး။ နောက်တစ်ခါ နာဠာဂီရိဆင်ကြီးကို အရက်တွေမူးနေအောင် တိုက်ပြီး ဘုရားကြွလာတဲ့လမ်းမှာ လွှတ်တယ်။ ဆင်ထိုးသတ်ခံရအောင် လုပ်တယ်။ ဒါလဲ မအောင်မြင်ခဲ့ဘူး။ နောက်ဆုံး ဒီလိုလုပ်ရပ်တွေ မအောင်တဲ့အခါ သူကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်စောင်းကနေ ကျောက်မောင်းဆင်ပြီး မြတ်စွာဘုရား စင်္ကြံလျှောက်နေတဲ့ အချိန် ကျောက်တုန်း လိမ့်ချတာ၊ တစ်ခါတည်း လက်စသတ်သေအောင် ကြံတယ်။ အဲဒီအချိန်မှာ အပေါ်ကလိမ့်ဆင်းလာတဲ့ အင်မတန်ကြီးမားတဲ့ ကျောက်တုန်းက အလွန်ကြီးမားတဲ့ ကျောက်တုံးတစ်တုံးကို ဝင်တိုက်ပြီး ကျောက်ဖတ်ကလေးတစ်ခုဟာ မြတ်စွာဘုရားရဲ့ ခြေမကို သွားမှန်တာပေါ့။

အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ ကာယိကဒုက္ခနာကျင်တဲ့ ဆင်းရဲဒုက္ခကို ခံစားရတယ်၊ လမ်းမလျှောက်နိုင်ဘူး။ သံဃာတော် အရှင်မြတ်တွေက ရောက်လာကြတယ်။ ထမ်းစင်နဲ့ထမ်းပြီး ဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းကို ပင့်ခေါ်သွားရတယ်။ အဲဒီ အခြေအနေမျိုးရောက်အောင် ဒေဝဒတ်ဟာ မြတ်စွာဘုရားအပေါ် ဆိုးခဲ့တယ်။ သို့သော် မြတ်စွာဘုရားက ဒေဝဒတ်အပေါ် အမြတမ်းကောင်းခဲ့တယ်။ ဆုံးမစရာရှိရင် ဆုံးမတယ်။ သတိပေးစရာရှိရင် သတိပေးတယ်။

နောက်ဆုံးကျတော့ ဒေဝဒတ်ဟာ သူ့ရဲ့မှားတာတွေကို သိလာတယ်။ မြတ်စွာဘုရားရဲ့ ကောင်းတာတွေကို အာရုံပြုပြီး "ငါကသာ ဆိုးတာ၊ ဘုရားက ငါ့အပေါ် အင်မတန်ကောင်းတယ်။"

နောက်ဆုံး ဒေဝဒတ်ကြီးဟာ မကျန်းမမာဖြစ်လာတယ်။ ဘယ်အခါမှာ မကျန်းမမာဖြစ်လာသလဲဆိုတော့ သံဃာသင်းခွဲပြီး ရဟန်း ၅၀၀ ခေါ်သွားတယ်၊ ခေါ်သွားတဲ့အခါ မြတ်စွာဘုရားက "ဒီလို ဓမ္မနဲ့မကျွမ်းကျင်တဲ့ ကိုယ်တော်လေးတွေ ဒုက္ခရောက်လိမ့်မယ်။ သာရိ-

ပုတ္တရာနဲ့ မောဂ္ဂလာန်တို့ လိုက်သွားပြီး ဒီ ကိုယ်တော်လေးတွေ ဖြောင်းဖြနားချပြီး ပြန်ခေါ်လာကြ"လို့ လွှတ်လိုက်တယ်။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ ကြွလာတဲ့အခါမှာ ဒေဝဒတ်က ဝမ်းသာတယ်။ "ကြည့်ငါ့လမ်းစဉ်မှန်လို့ ဂေါတမဘုရားရဲ့ တပည့်ကြီး နှစ်ပါးတောင် ငါ့နောက်လိုက်လာပြီ"လို့၊ အဲလိုထင်ပြီး ရှင်သာရိပုတ္တရာကို လက်ယာရံက ထားတယ်၊ ရှင်မောဂ္ဂလာန်ကို လက်ဝဲဘက်ကထားပြီးတော့ သံဃာတွေကို တရားဟောတယ်။

ဒေဝဒတ် အနားယူ အိပ်စက်နေတဲ့အချိန် ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့က တရားဟောကြတယ်။ ဟိုကိုယ်တော်လေးတွေ အမှန်တရားသိပြီး နောက်ဆုံးမှာ တရားထူးတရားမြတ်ရကြတယ်။ အဲဒီပုဂ္ဂိုလ်တွေကို အကုန်လုံးပြန်ခေါ်လာခဲ့ကြတယ်။ ဒေဝဒတ် တစ်ဦးထဲ ကျန်ရစ်တယ်။ အဲဒီအချိန်ကျမှ သူဟာ စိတ်နှလုံးပူလောင်သွားတယ်၊ သူ့မှာ နောက်လိုက်နောက်ပါ မရှိတော့ဘူး။ စိတ်နှလုံး ပူလောင်သည့်အတွက် နှလုံးထဲက သွေးတွေဟာ လျှံပြီး သွေးအန်တဲ့

အနေအထားရောက်သွားတယ်။

အဲဒီလို သွေးအံ့ပြီး မမာမကျန်းဖြစ်တဲ့အခါ သူ စဉ်းစားတယ်၊ "အော် မြတ်စွာဘုရားက ငါ့အပေါ် သိပ်ကောင်းတယ်၊ လုပ်ခဲ့သမျှ ငါက အဆိုးတွေချည့် လုပ်ခဲ့တာ"လို့ နောင်တရလာတယ်။ မြတ်စွာဘုရားကို ဝန်ချချင်တယ်၊ နောက်ဆုံးတွေ့ချင်ပါတယ်ဆိုပြီးတော့ အတင်းအကြပ်ပို့ခိုင်းလို့ မြတ်စွာဘုရား သီတင်းသုံးတဲ့ ဇေတဝန်ကျောင်းကို ထမ်းစင်ကြီးနဲ့ထမ်းပြီး သူ့ကို ခေါ် လာခဲ့ရတယ်။ နောက်ဆုံး ဇေတဝန်ကျောင်းနားက ဇေတဝန်ရေကန်ကြီးကို အနီးအနားမှာ ထမ်းစင်ချပြီး ခဏအပန်းဖြေဖို့ ခြေထောက်ချ မြေကြီးပေါ် နင်း လိုက်တဲ့အချိန်မှာ မြေကြီးကွဲပြီးတော့ ဒေဝဒတ်ဟာ မြေမြို သွားတာ။ ဘာဖြစ်လို့လဲဆိုရင် သူလုပ်ထားတဲ့ လုပ်ရပ် တွေနဲ့ မြတ်စွာဘုရားကို ပြန်တွေ့ဖို့ဆိုတာ မဖြစ်နိုင် တော့ဘူး။ သို့သော် သူဟာ အဲဒီအချိန်မှာ မိုက်မှားတဲ့ နောင်တကိုတော့ သူရထားပြီ၊ သူဆိုးပေမယ့် ဘုရားက မဆိုးဘူးဆိုတာ သိတယ်။

ကဲ ဒီအဖြစ်အပျက် ကြည့် ပထမပိုင်းမှာ ဒေဝဒတ်

က အနိုင်ရနေသလိုရှိတယ်၊ ဘုရားကို ဒုက္ခအမျိုးမျိုး ပေးနေတယ်။ မြတ်စွာဘုရားက ဒေဝဒတ်ကို အကောင်းနဲ့သာ တုံ့ပြန်တယ်၊ အဆိုးနဲ့ မတုံ့ပြန်ဘူး။ ဒါကြောင့်မို့ လောကအမြင်နဲ့ ကြည့်မယ်ဆိုရင် မြတ်စွာဘုရားက ရှုံးနေသလိုရှိတယ်။ သို့သော် နောက်ဆုံးမှာ အနိုင်ရလိုက်တာက မြတ်စွာဘုရား ရှုံးသွားတာက ဒေဝဒတ်။ နောက်ဆုံးမှာ ဒေဝဒတ်ဟာ သံသရာမှာ ဘယ်လောက်ထိအောင် ရှုံးသွားသလဲ ဆိုရင် လက်ရှိဘဝမှာ မြေမျိုခြင်းဖြင့် အဆုံးသတ်ရတယ်။ အဝီစိငရဲမှာ မြတ်စွာဘုရားကို စော်ကားခဲ့တဲ့ အပြစ်ဒဏ်တွေကို ခံနေရတာ။ တစ်ကမ္ဘာပတ်လုံး။ ဘဒ္ဒကမ္ဘာကုန်ဆုံးသည်အထိအောင် ငရဲမှာ ခံရမှာ ဖြစ်တယ်။ အဲဒါကြောင့်မို့ ဒေဝဒတ်ဟာ တကယ်ရှုံးသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက မကောင်းတဲ့ ပုဂ္ဂိုလ်ကို မကောင်းတာနဲ့ မတုံ့ပြန်နဲ့ ကောင်းတာနဲ့ပဲ တုံ့ပြန်ပြီး အနိုင်ယူပါလို့ ဒီလိုဟောတာ။

## မစ္ဆရိယသမားကို အနိုင်ယူနည်း

နောက်တစ်ခုက "ဇိနေ ကဒရိယံ ဒါနေန"တဲ့။ နှမြောတဲ့ ပုဂ္ဂိုလ်ကို မိမိက ပေးကမ်းစွန့်ကြဲခြင်းဖြင့် အနိုင်ယူပါတဲ့။

နှမြောတဲ့ပုဂ္ဂိုလ်နဲ့ စွန့်ကြဲပေးကမ်းတတ်တဲ့ ပုဂ္ဂိုလ်၊ ဘယ်သူက နိုင်လို့ ဘယ်သူရှုံးတာလဲ အနိုင်အရှုံး တွက်ကြည့်ရမယ်။ ဒီနေရာမှာ ကဒရိယ ဆိုတဲ့ စကားလုံးဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ ကဒရိယ ဆိုတာ ထဒ္ဓမစ္ဆရိ တစ်ကယ့်ကို ပြင်းထန်တဲ့မစ္ဆရိယ ကြီးမားတဲ့ ပုဂ္ဂိုလ်ကို ခေါ်တာ။ အေး .. မစ္ဆရိယနဲ့ ကဒရိယ ဘယ်လိုကွာသလဲဆိုရင် နှမြောဝန်တိုတတ်တဲ့ မစ္ဆရိယ ပုဂ္ဂိုလ်ဟာ ကိုယ့်ပစ္စည်းသာ ကိုယ်နှမြောတာ လှူမယ် တန်းမယ်မဟုတ်ဘူး။ ရလာတဲ့အခွင့်အရေးကို ကိုယ်သာ ခံစားချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုး။ ကဒရိယ ကျတော့ အဲလိုမဟုတ်ဘူး။ ကိုယ့်ဟာလည်း မလှူဘူး။ သူများလှူလို့ရှိရင်လည်း တားမြစ်တယ်။ မစ္ဆရိယစိတ် ရှိတဲ့ ပုဂ္ဂိုလ်က ကိုယ်ကိုယ်တိုင်သာ မလှူတာ၊ သူများ လှူတာ

ကို မပြောဘူး။ ကဒရိယဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ အဲလို မဟုတ်ဘူး၊ သူများလှူတာကိုလည်း မလှူရအောင် ဟန့်တားတတ်တဲ့ပုဂ္ဂိုလ်။ သူက ပိုပြင်းထန်တယ်။ အဲဒီလို ပိုပြင်းထန်တဲ့ မစ္ဆရိယစိတ်ရှိတဲ့ပုဂ္ဂိုလ်ကို ပေးကမ်းစွန့်ကြဲခြင်းဖြင့်သာလျှင် သူ့ကို အနိုင်ရနိုင်တယ်လို့ အနိုင်ယူနည်းကို မြတ်စွာဘုရားက ဟောတယ်။ ဒါက ပစ္စုပ္ပန်ဘဝ အနိုင်ရပုံပဲ။

သံသရာမှာ အနိုင်ရပုံကို ကြည့်မယ်ဆိုရင် နှမြောဝန်တိုနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘာမှ မလှူဘူး။ ဘာမှ မလှူသည့်အတွက် သံသရာမှာ လူဖြစ်ရင် ဘယ်တော့မှ ပြည့်ပြည့်စုံစုံ မရဘူးတဲ့၊ ဆင်းရဲမွဲတေတဲ့ လူ ဖြစ်ရတယ်။ ဒါနကောင်းမှုပြုတဲ့ ပုဂ္ဂိုလ်ကျတော့ အစစအရာရာ ပြည့်စုံတယ်။ ဒါနရှိတဲ့လူနဲ့ မရှိတဲ့လူ ဘဝသံသရာမှာ ခရီးသွားတဲ့အခါ အလွန်ပဲ ကွာခြားတယ်။ အဲဒါကို ကြည့်မယ်ဆိုလို့ရှိရင် ဒါနမရှိတဲ့ ပုဂ္ဂိုလ်ဟာ အရှုံးသမားပဲ။ ဒါန ရှိတဲ့ပုဂ္ဂိုလ်ဟာ အနိုင်ရတဲ့ ပုဂ္ဂိုလ်ပဲ။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ကာလတုန်းက သူငယ်ချင်း ရဟန်းတော်နှစ်ပါးရှိတယ်။ သုမနသုတ္တန်မှာလာတဲ့ သူငယ်ချင်း ရဟန်းနှစ်ပါး။ တစ်ပါးက ဝိပဿနာတရားအားထုတ်တယ်၊ ဒါန ကောင်းမှု လုပ်စရာမလိုဘူး။ ဝိပဿနာ အကျင့်ပဲ ကျင့်မယ်လို့ဆိုတယ်။ တစ်ပါးကတော့ အေး ဘုန်းကြီး ဆိုပေမယ့်လို့ ဒါနကောင်းမှုဆိုတာ လုပ်သင့်တယ်၊ သာရဏီယဝတ်ဆိုတာ ဖြည့်သင့်တယ်လို့ ယူဆပြီး ကိုယ်ရလာတဲ့ဆွမ်းသက်နှ်းကို သီတင်းသုံးဖော်တွေကို မျှဝေလှူဒါန်းတယ်။ ဟိုတစ်ပါးကတော့ ဘယ်သူ့ကိုမှ လှူစရာမလိုဘူး၊ တရားကျင့်ဖို့က အဓိကတဲ့။ ခုခေတ် လိုဆို ဒါနက သံသရာရှည်တယ်လို့ ပြောတာဖြစ်ချင် ဖြစ်မယ်။ လှူစရာမလိုဘူးဆိုပြီး မလှူဘဲ နေတဲ့ပုဂ္ဂိုလ်။ သူငယ်ချင်း ၂-ပါး၊ တစ်ပါးနဲ့တစ်ပါး အမြင်မတူကြဘူး။

အဲတော့ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပြီး သံသရာ ခရီးကို သွားကြရတယ်။ အဲဒီ ကဿပမြတ်စွာဘုရား လက်ထက်က ရဟန်း ၂-ပါး ပျံလွန်တော်မူကြတဲ့အခါ နတ်ပြည်သွားဖြစ်တယ်။ ဝိပဿနာ အကျင့်သာကျင့်ပြီး

ဘာမှမလှူတဲ့ ပုဂ္ဂိုလ်က နတ်ပင်ဖြစ်လင့်ကစား ဟို ပုဂ္ဂိုလ်ရဲ့ အဆင့်အတန်းကို မမှီဘူး။ ဒါနကုသိုလ် ကောင်းမှုရှိတဲ့ ကိုယ်တော်က ဖြစ်လာတဲ့ နတ်က အသက်လည်းပိုရှည်တယ်။ အဆင်းလည်း ပိုလှတယ်၊ ချမ်းသာသုခလည် ပိုကြီးတယ်။ ခွန်အားဗလလည်း ပိုကြီးတယ်။ အစိုးရမှုလည်း ပိုကြီးတယ်။ နတ်၌ဖြစ် သော အဆင်း၊ အသံ၊ အနံ့၊ အရသာတွေကလည်း ဟိုပုဂ္ဂိုလ်ထက်သာတယ်။ ဒါနကောင်းမှု မလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်က အစစအရာရာ နိမ့်ကျတယ်။ အော် အဲဒီမှာ တင် ဒါန မရှိသူက ရှုံးသွားပြန်ပြီ၊ သံသရာမှာ သူဟာ အရှုံးနဲ့တွေ့ရပြန်ပြီ။

နတ်ပြည်ကနေပြီး လူ့ပြည်ရောက်တဲ့အခါမှာ ဒါနကောင်းမှု ပြုခဲ့တဲ့ပုဂ္ဂိုလ်က ဘုရင့်ရဲ့သား လာဖြစ် တယ်။ ဒါနကောင်းမှုမပြုခဲ့တဲ့ ကိုယ်တော်က အထိမ်း တော်ရဲ့သား လာဖြစ်တယ်။ ဒီမှာလည်း ရှုံးသွားပြန်ပြီ။ အဲဒီလို အနိုင်အရှုံးဆိုတာ ကောင်းတာ လုပ်တာနဲ့ မကောင်းတာလုပ်တာ၊ ဒါနရှိတာနဲ့ မရှိတာ၊ နိုင်သူနဲ့ ရှုံးသူ။ ဒီပစ္စုပ္ပန်ဘဝမှာတင် မဟုတ်ဘူး။ သံသရာမှာပဲ

ကြည့်လိုက်မယ်၊ ဒါနကောင်းမှု မရှိတဲ့ ပုဂ္ဂိုလ်ဟာ ရှုံးနေတယ်။ ဒါနရှိတဲ့ ပုဂ္ဂိုလ်ဟာ အနိုင်ရ နေတယ်။ ဒီလို အနိုင်အရှုံးဆိုတာ တွက်လို့ရတယ်ပေါ့။

## လူလိမ်ကို အနိုင်ယူနည်း

နောက်တစ်ခုက "**သစ္စေနာလိကဝါဒိနံ**"တဲ့။ "**အလိကဝါဒီ**"ဆိုတာ ဘယ်တော့မှ မှန်မှန်မပြောဘူး။ မဟုတ်တာ မမှန်တာကို အမြဲပြောနေတဲ့ ပုဂ္ဂိုလ်မျိုးကို **သစ္စေန**-မိမိကမှန်တာကိုသာ ပြောခြင်းဖြင့် အနိုင်ယူပါတဲ့။

ဆိုလိုတာက လိမ်တတ်တဲ့သူကို မလိမ်ဘဲနဲ့ ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် ပြောခြင်းဖြင့် အနိုင်ယူရမယ်။ ဒါ ပစ္စုပ္ပန်ဘဝမှာ အနိုင်ယူပုံကိုပြောတာ။ ဘယ်လောက် လိမ်လိမ် ကိုယ်က မှန်တာကိုပဲ ပြောတယ်။ မှန်တာပြောလို့ မှန်တာပြောတဲ့သူ ဒုက္ခရောက်ချင်ရောက်သွားမယ်။ လိမ်ပြောတဲ့သူက အထက်တန်းရောက်ချင်ရောက်သွားမယ်ပေါ့။ လောကီ လူတွေရဲ့

အမြင်ကို ကြည့်မယ်ဆိုရင် မလိမ်လို့ နေရာတကာ မှန်မှန်ကန်ကန်ပြောလို့ ဒီလူ ဒုက္ခရောက်တာ၊ မကြီးပွား တာလို့ ပြောမယ်။ ဟိုလူကတော့ လိမ်ပြီးတော့ ပစ္စုပ္ပန် ဘဝမှာ ကြီးပွားတိုးတက်နေတာလည်း ရှိနိုင်တာပေါ့။

အဲဒီတော့ အနိုင်အရှုံးဟာ လိမ်တဲ့ပုဂ္ဂိုလ်က နိုင် သယောင်ရှိတယ်။ မှန်မှန်ပြောတဲ့ပုဂ္ဂိုလ်က အရှုံးသမား ဖြစ်နေတယ်။ သို့သော် သံသရာနဲ့ကြည့်လိုက်မယ် ဓမ္မအမြင်နဲ့ ကြည့်လိုက်မယ်ဆိုရင် လိမ်တဲ့ပုဂ္ဂိုလ်သည် ဘယ်လောက်ထိအောင် နိမ့်ကျသွားလဲဆိုတာ မြတ်စွာ ဘုရားက ဟောထားတယ်။

**ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

မှန်ကန်စွာ ပြောဆိုမှု **ဝစီသစ္စာ**တရားတစ်ခုကို ကျော်လွန်ပြီး လိမ်ညာ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်တစ် ယောက်ဟာ သူမလုပ်တဲ့ အကုသိုလ်ဆိုတာ မရှိဘူးတဲ့။

အဲဒီတော့ လူတစ်ယောက်ရဲ့သန္တာန်မှာ အကုသိုလ် မျိုးစုံ ဝင်နေတယ်။ အကုသိုလ်တွေ ဝင်လာတယ် ဆိုကတည်းက ဒီပုဂ္ဂိုလ်ဟာ ဆုတ်ယုတ်ဖို့ပဲ။ မှန်မှန်

ကန်ကန်ပြောတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အကုသိုလ် ဘယ်တော့မှ မလုပ်ဘူးဆိုတဲ့ အဓိပ္ပါယ်ရတယ်။ အေး . . ဒါကြောင့် အကုသိုလ်ရဲ့ လွှမ်းမိုးမှုခံရတဲ့ ပုဂ္ဂိုလ်ဟာ၊ အကုသိုလ်ဟာ ဘယ်ကိုပို့သလဲ ဆိုရင် "**ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂ-မနီယာ**" အကုသိုလ်မှန်သမျှဟာ အောက်ဆွဲချတာပဲ။ ကုသိုလ်မှန်သမျှဟာ အထက်ကို မတင်တယ်။

အကုသိုလ်တွေ လွှမ်းမိုး နှိပ်စက်မှု ခံရတဲ့ လိမ်လည်တတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သန္တာန်မှာ အကုသိုလ်တွေ လွှမ်းမိုးနေသည့်အတွက်ကြောင့် ထို ပုဂ္ဂိုလ်ဟာ ကြည့်လိုက်မယ်ဆိုရင် အောက်တန်း နောက်တန်းကျတဲ့ ဘဝမျိုးနဲ့ သံသရာမှာ ကျင်လည် ရမယ်။ သူက အရှုံးသမားဖြစ်နေတယ်။ မှန်ကန်စွာ ပြောတတ်တဲ့ လူတစ်ယောက်ရဲ့ သန္တာန်မှာ အကုသိုလ် ဆိုတဲ့ အညစ်အကြေးတွေ ကင်းစင်တဲ့အတွက် ဒီ ဘဝမှာ သူဟာရှုံးသလိုလို ကြုံရသော်လည်းပဲ သံသရာမှာ သူက အဆင့်မြင့်သထက်မြင့်လာတယ်။

ဘာနဲ့ ဥပမာတူလဲဆိုရင် နီတိကျမ်းတွေမှာ ပြောတယ်။ "တွင်းတူးတဲ့လူနဲ့ တံတိုင်းစီတဲ့လူ"တဲ့။ တွင်းတူးတဲ့သူဆိုတာ တွင်းနက်လေ အောက်ရောက်သွားလေပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပထမ စတူးခါစ မြေကြီးပေါ်မှာ ထိုင်တူးမှာပေ့ါ။ တွင်းနက်သွားရင် တွင်းထဲဆင်းတူးရတာ၊ သူကတဖြေးဖြေး နိမ့်ကျသွားတယ်။ တံတိုင်းစီတဲ့လူက အဲဒီလို မဟုတ်ဘူး။ တံတိုင်းမြင့်လာလေ လူကလည်း အထပ်မြင့်လာတယ်။ အဲဒီလိုပဲ လိမ်တတ်တဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်ရဲ့ လွှမ်းမိုးမှုကြောင့် နိမ့်ကျသွားတယ်။ တွင်းတူးတဲ့ ပုဂ္ဂိုလ်နဲ့ အလားတူတယ်။

မှန်ကန်တဲ့ စကားကို ဆိုတဲ့သူဟာ တဖြည်းဖြည်း မြင့်တက်လာတယ်။ မှန်ကန်တဲ့စကားတွေဆိုမှုကို အကြောင်းပြုပြီး သူ့ရဲ့သန္တာန်မှာ ကုသိုလ်တွေ တဖြေးဖြေးမြင့်တက်လာတယ်။ ဒါကြောင့် သံသရာနဲ့ ကြည့်မယ်ဆိုရင် ဓမ္မရှုထောင့်က ကြည့်မယ်ဆိုရင် လိမ်တဲ့လူဟာ အရှုံးသမားဖြစ်ပြီး မှန်ကန်စွာပြောဆိုတဲ့ ပုဂ္ဂိုလ်က အနိုင်ရတယ်ပေ့ါ။

ဒါကြောင့် တရားချစ်ခင် သူတော်စင်ပရိတ်သတ်တို့ လောကအမြင်နဲ့ "နိုင်သူနှင့် ရှုံးသူ"ဟာ ပုံစံတစ်မျိုးနဲ့ မြင်ရမှာ ဖြစ်သော်လည်း ဓမ္မအမြင်နဲ့ ကြည့်မှ တကယ့်နိုင်သူအစစ်နဲ့ ရှုံးသူအစစ်ကို မြင်ကြရမှာ။ တို့တတွေဟာ နိုင်သူဘက်က နေမလား၊ ရှုံးသူဘက်က နေမလား။ သို့မဟုတ် တို့တတွေဟာ ဘယ်နည်းနဲ့ အနိုင်ယူမလဲဆိုတာကိုလည်းပဲ ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ ဒေသနာတော်အရ မှတ်သားသင့်တယ်။ မှတ်သားပြီးတော့ မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ လက်တွေ့ကျင့်သုံးဖို့ လိုအပ်တယ်။ လက်တွေ့ကျင့်သုံးခြင်းဖြင့် ဘုန်းကြီးတို့တတွေဟာ သံသရာမှာ အရှုံးသမားများ မဖြစ်ဘဲ အနိုင်ရသူများ ဖြစ်အောင် ကြိုးစားအားထုတ်ရမယ်။

ဒါကြောင့် တရားချစ်ခင်သူတော်စင် ပရိသတ်တို့သည် ဗုဒ္ဓမြတ်စွာဟောကြားခဲ့တဲ့ . . .

"အက္ကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။"
"ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာ'လိကဝါဒိနံ။"ဟူသော ဒေသနာတော်

ကို ဦးထိပ်ထားပြီး သံသရာဘဝမှာ အနိုင်ရတဲ့ပုဂ္ဂိုလ်တွေသာ ဖြစ်ကြပါစေကုန်သတည်း။

သာဓု ------- သာဓု ------- သာဓု။

--------- * ---------

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မဒါနရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး စာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ပေါသူ နှာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒိ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ